


# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin) Market Information System

**စိုက်ပျိုးရေးဦးစီးဌာန**

**တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန်**
**စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား**

15th July, 2022

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈ )

**ပါဝင်သောအကြောင်းအရာများ** | **စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ**

❖ လယ်ယာ/သားငါးထွက်ကုန်များ နှင့် သွင်းအားစုများ ဈေးကွက် အခြေအနေ

- ➢ နံ့စားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး
- ➢ ဆန်နှင့်စားသုံးဆီဈေးနှုန်းများ
- ➢ သွင်းအားစုဈေးနှုန်းများ
- ➢ ပဲမျိုးစုံတင်ပို့မှုအခြေအနေ

## ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းစပါးဈေးနှင့် မနောသုခစပါးဈေးနှုန်းမှာ ဈေးနှုန်းအနည်းငယ်တက်လျက်ရှိ
- ❖ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနက်နှင့်မြေပဲဈေးနှုန်းများ မြင့်တက်ပြီးနေကြာဈေးအနည်းငယ်လျော့ကျလျက်ရှိ
- ❖ မတ်ပဲ၊ ပဲပုပ်၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းနှင့် ကုလားပဲစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများအခြေအနေ
- ❖ ဝါ(ချည်မျှင်ရှည်)၏ တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြံ တစ်တန် ဈေးနှုန်းအခြေအနေ
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်းအခြေအနေ
- ❖ ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများဈေးကွက်အများစုတွင်ဈေးနှုန်းအနည်းငယ်ကျ
- ❖ ငရုတ်အစိုဈေးနှုန်း မြင့်တက်လာပြီး ငရုတ်အခြောက် ဈေးနှုန်းအနည်းငယ်ပြန်ကျ
- ❖ ခရမ်းချဉ်ဈေးနှုန်း ဈေးကွက်အချို့တွင် တည်ငြိမ်နေပြီး ဈေးကွက်အများစုတွင်ဈေးနှုန်းကျဆင်လျက်ရှိ
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းအခြေအနေ

စာမျက်နှာ ၂ မှ ၄

- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ
- ♣ မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

စာမျက်နှာ ၈ မှ ၈

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ


- ❖ ဇွန်လ(၁၇)ရက်နေ့အထိ လယ်ယာထွက်ကုန် တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်းပေါင်း (၉၆၁.၄၇) သန်းအထိ မြင့်တက်လာခြင်း
- ❖ တရုတ်နိုင်ငံသို့တင်ပို့သည့်ဆန်ကွဲများ ဈေးနှုန်းမြင့်မားစွာရရှိခြင်း
- ❖ အိန္ဒိယနိုင်ငံသည် မတ်ပဲတန်ချိန် (၅၀,၀၀၀ မှ ၇၅,၀၀၀) အထိ တင်သွင်းနိုင်ဖွယ်ရှိ
- ❖ ကမ္ဘာ့စားအုန်းဆီတင်ပို့မှု ပုံမှန်ပြန်ဖြစ်လာပြီးနောက် မြန်မာနိုင်ငံ ဆီထွက်သီးနှံများတင်ပို့မှုတားမြစ်ချက်ကို ရုတ်သိမ်းလိုက်ခြင်း
- ❖ မတ်ပဲတစ်တန်လျှင် ကျပ်(၁.၇)သန်းထိ မြင့်တက်လာခြင်း
- ❖ ကမ္ဘာ့ကုန်ဈေးနှုန်းကျဆင်းမှုသည် ဘင်္ဂလားဒေ့ရှ် ပြည်တွင်းဈေးကွက်အပေါ် အနည်းငယ်သက်ရောက်မှုရှိခြင်း
- ❖ ဗီယက်နမ်သည်အမေရိကန်သို့ ကော်ဖီတင်ပို့နိုင်မည့်အခွင့်အလမ်းကောင်းများရှိခြင်း
- ❖ အိန္ဒိယတွင် ဖွဲနုသည် လူကြိုက်များသောကုန်စည်တစ်ခု ဖြစ်လာခြင်း
- ❖ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ ဇွန်လတွင် ဆက်လက် ကျဆင်း
- ❖ အိန္ဒိယနိုင်ငံသည် ဂျုံတင်ပို့မှုကို ကန့်သတ်ပြီးနောက် ယခုအခါ ဂျုံမှုန့်နှင့်ဆက်စပ်ပစ္စည်းများ တင်ပို့မှုကိုပါ ထပ်မံကန့်သတ်လိုက်ခြင်း

စာမျက်နှာ ၅ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ


## နှံစားသီးနှံ




### ပေါ်ဆန်းမွှေးနှင့် မနေသုခစပါး

- ဇူလိုင်လပထမ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာပျမ်းမျှတစ်တင်းလျှင်(၁၃၇၂၀)ကျပ်ရှိနေပြီး တစ်တင်းဈေးနှုန်း (၁၆၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ ဇွန်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ကချင်၊မွန်၊ ပဲခူးနှင့် စစ်ကိုင်းဈေးကွက်များ၌ တစ်တင်းလျှင် ၅၀၀ မှ ၁၀၀၀ ကျပ် (၄.၄%မှ၇.၁၄%)ခန့် ဈေးနှုန်းအနည်းငယ်မြင့်တက်လာပြီး တနင်္သာရီဈေးကွက်တွင်တစ်တင်းလျှင် ၅၀၀ကျပ်(၄.၀%)ခန့်ကျဆင်းခဲ့ပါသည်။ ကျန်သောဈေးကွက်များ၌ အတက်အကျမရှိဘဲ တည်ငြိမ်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။
- ဇူလိုင်လအထမ(၁၅)ရက်အတွင်း မနေသုခစပါး ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၈၈၇၅)ကျပ် ရှိနေပြီး တစ်တင်းလျှင် (၁၀၀၀၀)ကျပ်ဖြင့် ဈေးနှုန်း အမြင့်ဆုံး ဖြစ်နေပါသည်။ဇွန်လဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက စစ်ကိုင်း မန္တလေးနှင့်ပြည်တော်ဈေးကွက်များတွင်တစ်တင်းလျှင် ၁၀၀ ကျပ်မှ၅၀၀ကျပ် (၁.၁%မှ၄.၈%)ဖြင့် ဈေးနှုန်းအနည်းငယ်လျော့ကျခဲ့သော်လည်း ဧရာဝတီ၊ မကွေးနှင့် ကရင်ဈေးကွက်များ၌ တစ်တင်းလျှင် ၂၀၀ကျပ်မှ ၅၀၀ ကျပ်(၂.၂% မှ ၆.၃%) ခန့်အတွင်း ဈေးနှုန်းများ မြင့်တက်ကာ အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကိုတွေ့ရှိရပါသည်။
- ဇူလိုင်လ ပထမ(၁၅)ရက်အတွင်း စပါးဈေးနှုန်းမှာ အပြောင်း အလဲအနည်းငယ်သာရှိကြောင်းသိရှိရပါသည်။





- ဇူလိုင်လပထမ(၁၅)ရက်၌ ဈေးကွက်အတွင်း အစေ့ထုတ် ပြောင်း၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၆၁၁၇) ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၂၀၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မကွေး၊ ကရင်၊ ရှမ်း၊ စစ်ကိုင်းနှင့်မန္တလေးဈေးကွက်တို့၌ တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ၄၅၀၀ကျပ် (၆.၇%မှ၂၉.၀% )ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ပဲခူးနှင့်နေပြည်တော်ဈေးကွက်တို့၌ တစ်တင်းလျှင် ၈၀၀ကျပ်မှ ၁၀၀၀ ကျပ် (၅%မှ ၆%) ခန့် ဈေးနှုန်းလျော့ကျကာကချင်နှင့်ကယားဈေးကွက်၌ ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ပါ။ အစေ့ထုတ်ပြောင်း ဈေးနှုန်းအခြေအနေမှာ ထိုင်းနိုင်ငံသို့ ယခုနှစ်ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရှိနေပြီး တရုတ်သို့ တင်ပို့မှုလည်းရှိနေရာ ပုံမှန်အရောင်းအဝယ်ဖြင့်ပင် ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။


# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ


- ဇူလိုင်လပထမ(၁၅)ရက်၌ ဈေးကွက်အတွင်း နှမ်းနက် ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၆၁၂၅၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၇၃၀၀၀) ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါကဈေးကွက်အချို့တွင် တစ်တင်းလျှင် ၂၀၀၀ကျပ် မှ ၁၃၀၀၀ကျပ် (၃.၅% မှ ၂၁.၇%)ခန့် ဈေးနှုန်းမြင့် တက်ခဲ့ပြီး နေပြည်တော်၊မကွေး၊စစ်ကိုင်းနှင့် ကရင်ဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀၀ကျပ်မှ ၁၇၀၀၀ကျပ် (၈.၃% မှ ၂၆.၂%) ခန့် ဈေးနှုန်း လျော့ကျလျက်ရှိပြီး အချို့ဈေးကွက်များ၌ ဈေးနှုန်းပြောင်းလဲမှုမတွေ့ရှိရပါ။
- ဇူလိုင်လအထမ(၁၅)ရက်အတွင်း မြေပဲ(အခွံပါ) ပျမ်းမျှ တစ်တင်းဈေးနှုန်းမှာ (၁၈၆၂၇)ကျပ်ရှိနေပြီး တစ်တင်း လျှင် (၂၄၀၀၀)ကျပ်ဖြင့် ဈေးကွက်အတွင်း ဈေးနှုန်း အမြင့်ဆုံးဖြစ်နေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မကွေးနှင့်ပဲခူးဈေးကွက်များ၌ တစ်တင်း လျှင် ၂၀၀၀ ကျပ်မှ ၆၀၀၀ ကျပ(၁၂.၅%မှ၂၇.၃%) ခန့် ဈေးနှုန်းကျဆင်းသွားပြီး ရှမ်း၊မန္တလေး၊ နေပြည်တော် နှင့် စစ်ကိုင်းဈေးကွက်တို့၌ တစ်တင်းလျှင် ၁၀၀၀ကျပ် (၇.၇% မှ ၂၈.၆%) ခန့်မြင့်တက်ခဲ့ပါသည်။ ကျန်ဈေး ကွက်များ၌ ဈေးနှုန်းတည်ငြိမ် လျက်ရှိပါသည်။
- ဇူလိုင်လပထမ(၁၅)ရက်အတွင်း နေကြာတစ်တင်း ပျမ်းမျှဈေးနှုန်းအနေဖြင့် (၂၇၀၀၀)ကျပ်ရှိနေပြီး ဈေးနှုန်း အမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင်(၃၄၀၀၀)ကျပ် ရှိနေ ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေး၊ စစ်ကိုင်းနှင့် ပဲခူးဈေးကွက်များတွင်သာ တစ် တင်း လျှင် ၁၀၀၀ကျပ်မှ ၆၀၀၀ကျပ် (၃.၃%မှ ၁၉.၃၅%) ခန့် ဈေးနှုန်းကျဆင်းသွားပြီး ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။




| ဈေးကွက်အမည် | မြေပဲ(အခွံပါ)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇွန်လ ဒုတိယ (၁၅)ရက် | ဇူလိုင် ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၀၅၀၀ | ၂၅၀၀၀ | (+) ၂၁.၉၅ |
| ရန်ကုန် | ၂၂၄၀၀ | ၂၂၄၀၀ | ၀ |
| မန္တလေး | ၂၀၀၀၀ | ၂၂၀၀၀ | (+)၁၀.၀၀ |
| မကွေး | ၁၆၀၀၀ | ၁၄၀၀၀ | (-) ၁၂.၅၀ |
| ပဲခူး | ၂၂၀၀၀ | ၁၆၀၀၀ | (-)၂၇.၂၇ |
| စစ်ကိုင်း | ၁၄၀၀၀ | ၁၈၀၀၀ | (-)၃၃.၃၃ |
| ကချင် | ၂၄၀၀၀ | ၂၄၀၀၀ | ၀ |
| ကယား | ၁၈၀၀၀ | ၁၈၀၀၀ | ၀ |
| ကရင် | ၁၅၅၀၀ | ၁၅၅၀၀ | ၀ |
| ရခိုင် | ၁၆၀၀၀ | ၁၆၀၀၀ | ၀ |
| ရှမ်း | ၁၃၀၀၀ | ၁၄၀၀၀ | (+) ၇.၆၉ |



# ပဲမျိုးစုံ ဈေးကွက်





## မတ်ပဲ

| | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇွန်လ ဒုတိယ (၁၅)ရက် | ဇူလိုင်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၀၀၀၀ | ၅၀၀၀၀ | ၀ |
| ရန်ကုန် | ၆၆၀၀၀ | ၆၆၀၀၀ | ၀ |
| မန္တလေး | ၄၉၀၀၀ | ၅၁၀၀၀ | (+)၄.၀၈ |
| မကွေး | ၄၅၀၀၀ | ၄၃၀၀၀ | (-)၄.၄၄ |
| ပဲခူး | ၅၂၀၀၀ | ၅၅၀၀၀ | (+)၅.၇၇ |
| စစ်ကိုင်း | ၅၂၀၀၀ | ၄၈၀၀၀ | (-)၄.၀၀ |
| ဧရာဝတီ | ၅၀၀၀၀ | ၅၂၀၀၀ | ၀ |
| တနင်္သာရီ | ၄၁၀၀၀ | ၅၄၀၀၀ | ၀ |
| ကချင် | ၅၄၀၀၀ | ၅၄၀၀၀ | ၀ |
| ကရင် | ၃၆၀၀၀ | ၃၆၀၀၀ | ၀ |
| မွန် | ၄၇၅၀၀ | ၅၂၀၀၀ | (-)၆.၄၇ |
| ရခိုင် | ၃၆၀၀၀ | ၃၆၀၀၀ | ၀ |
| ရှမ်း | ၅၅၆၀၀ | ၅၅၆၀၀ | ၀ |

## ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲပုပ်


- ဇူလိုင်လပထမ(၁၅)ရက်အတွင်း ပဲတီစိမ်းတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ(၄၆၆၁၅)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၀၀၀၀)ကျပ် ရှိနေပါသည်။ ဇွန်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ကရင်၊ မွန်နှင့် မကွေးဈေးကွက်များတွင် တစ်တင်းလျှင် ၃၀၀၀ ကျပ်မှ ၅၀၀၀ ကျပ် (၇.၁% မှ ၁၀.၄%)ခန့် ဈေးနှုန်းလျော့ကျခဲ့ပြီးဈေးကွက်အချို့တွင်တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၂၅၀၀ကျပ် (၂.၀% မှ ၅.၂%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။
- ဇူလိုင်လပထမ(၁၅)ရက်အတွင်း မတ်ပဲတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၄၉၃၆၄)ကျပ် ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၆၀၀၀)ကျပ် ရှိနေပါသည်။ ယခင် (၁၅)ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက စစ်ကိုင်း၊ မကွေးနှင့်မွန်ဈေးကွက်တို့တွင်တစ်တင်းလျှင်၂၀၀၀ကျပ်မှ၃၆၀၀ကျပ်(၄.၁%မှ၆.၅%)ကျဆင်းခဲ့ပြီးမန္တလေးနှင့်ပဲခူးဈေးကွက်တွင်တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၃၀၀၀ ကျပ်(၄.၁% မှ ၅.၈%) ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အခြား ဈေးကွက်များတွင်ဈေးနှုန်းတည်ငြိမ်နေပါသည်။
- ဇူလိုင်လပထမ(၁၅)ရက်အတွင်း ပဲစဉ်းငုံတစ်တင်း ပျမ်းမျှ ဈေးနှုန်းမှာ (၄၃၉၀၀)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၄၇၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်နှင့် နှိုင်းယှဉ်လျှင် နေပြည်တော်နှင့် မန္တလေးဈေးကွက်တို့တွင် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ (၄.၆%)ခန့်ဈေးနှုန်းမြင့်တက်လာပြီး မကွေး၊ရှမ်းနှင့် စစ်ကိုင်းဈေးကွက်တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ၆၀၀၀ ကျပ် (၂.၃% မှ ၁၂.၂%)ခန့် ဈေးနှုန်းလျော့ကျကာ ဈေးကွက်အချို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

## ပဲစဉ်းငုံ





## ပဲပုပ်

- ဇူလိုင်လပထမ(၁၅)ရက်အတွင်း ပဲပုပ်တစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၁၁၄၃) ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၅၉၀၀၀)ကျပ်ရှိပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် ၅၀၀ ကျပ်မှ ၂၅၀၀ကျပ်(၁%မှ ၅%) ခန့် အနည်းငယ်လျော့ကျလျက်ရှိပါသည်။





## ကုလားပဲ

- ဇူလိုင်လပထမ(၁၅)ရက်အတွင်း ကုလားပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၄၉၉၅၅)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၈၀၀၀)ကျပ် ရှိနေပါသည်။ ဇွန်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက စစ်ကိုင်းဈေးကွက်၌သာ တစ်တင်းလျှင်၄၀၀၀ကျပ်(၈.၉%) ခန့်ဈေး နှုန်းမြင့်တက်ခဲ့ပါသည်။ မန္တလေး၊ မကွေးနှင့် နေပြည်တော်ဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၃၀၀၀ကျပ် (၃.၈% မှ ၆.၃%) ခန့် ဈေးနှုန်းလျော့ကျကာ ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ပါ။




# စက်မှုကုန်ကြမ်းသီးနှံ


## ဝါ(ချည်မျှင်ရှည်)




- ဇူလိုင်လပထမ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၃၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး တစ်ပိဿာပျမ်းမျှဈေးနှုန်းသည် (၂၁၅၀)ကျပ်ရှိနေပါသည်။ ဇွန်လဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဝါတစ်ပိဿာဈေးနှုန်းသည် ပဲခူးနှင့်စစ်ကိုင်းဒေသတွင် (၅၀၀မှ၇၀၀)ကျပ်ခန့်ဈေးနှုန်းမြင့်တက်လာပါသည်။ နေပြည်တော်တွင်ဝါတစ်ပိဿာ ၃၀၀ကျပ် ကျဆင်းပြီး ဈေးကွက်အများစုတွင်ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

## ချက်ကြံ

- ဇူလိုင်လပထမ(၁၅)ရက်အတွင်း ချက်ကြံတစ်တန် ပျမ်းမျှဈေးနှုန်းသည် (၅၀၂၀၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံး (၆၀၀၀၀)ကျပ် နှင့်အနိမ့်ဆုံးဈေး(၄၂၀၀၀)ကျပ် ဖြစ်ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နေပြည်တော်နှင့်စစ်ကိုင်း ဈေးကွက်၌ တစ်တန်လျှင်(၁၀၀၀ မှ ၃၀၀၀)ကျပ် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မန္တလေးဈေးကွက်၌သာ တစ်တန်လျှင် (၂၁၀၀၀)ကျပ် ဈေးနှုန်းလျော့ကျလျက်ရှိပြီး ကျန်ဒေသများတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




## ရော်ဘာ


### ဇွန်လ ဒုတိယ(၁၅)ရက်နှင့်ဇူလိုင်လ ဒုတိယ(၁၅)ရက် အတွင်း RSS-3 ရော်ဘာ ဈေးနှုန်း နှိုင်းယှဉ်မှုအခြေအနေ

| ဈေးကွက်အမည် | ရော်ဘာဈေးနှုန်း (ကျပ်/ပေါင်) | | |
|---|---|---|---|
| | ဇွန်လ ဒုတိယ (၁၅)ရက် | ဇူလိုင်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| မွန် | ၁၁၇၈ | ၁၃၇၃ | (+)၁၆.၅၃ |
| ကရင် | ၁၀၇၅ | ၁၀၇၅ | ၀ |
| တနင်္သာရီ | ၁၁၆၉ | ၁၃၃၈ | (+)၁၄.၄၆ |

Source: Perennial Crops Division, DoA

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ





❖ ဇူလိုင်လ ပထမ (၁၅) ရက် အတွင်း ကြက် သွန် နီ တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ (၁၉၆၄)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၂၆၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေး ကွက်အများစုတွင် တစ်ပိဿာလျှင်၂၀၀ကျပ် မှ ၇၅၀ ကျပ် (၁၀% မှ ၂၇%)ထိ ဈေးနှုန်းကျဆင်းခဲ့ပါသည်။ နေပြည်တော်ဈေးကွက်တွင်သာ တစ်ပိဿာ (၄၀၀) ကျပ် ဈေးတက်ခဲ့ပြီးကျန်ဈေးကွက် အချို့တွင် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်းတွေ့ရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဇွန်လ ဒုတိယ (၁၅)ရက် | ဇူလိုင်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၄၀၀ | ၆၀၀၀ | (+)၁၁.၁၁ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | ၀ |
| မကွေး | ၃၈၀၀ | ၃၈၀၀ | ၀ |
| ပဲခူး | ၅၀၀၀ | ၄၂၀၀ | (-)၁၆.၀၀ |
| စစ်ကိုင်း | ၂၉၀၀ | ၄၀၀၀ | (+)၃၇.၉၃ |
| ဧရာဝတီ | ၅၀၀၀ | ၃၅၀၀ | (-)၃၀.၀၀ |
| တနင်္သာရီ | ၅၅၀၀ | ၆၀၀၀ | (+)၉.၀၉ |
| ကချင် | ၅၀၀၀ | ၅၀၀၀ | ၀ |
| ကယား | ၄၅၀၀ | ၄၅၀၀ | ၀ |
| ကရင် | ၅၅၀၀ | ၅၅၀၀ | ၀ |
| မွန် | ၄၀၀၀ | ၃၇၀၀ | (-)၇.၅၀ |
| ရခိုင် | ၅၂၀၀ | ၄၈၀၀ | (-)၇.၆၉ |
| ရှမ်း | ၄၈၀၀ | ၄၀၀၀ | (-)၂၇.၂၇ |


❖ ဇူလိုင်လပထမ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၄၅၃၆)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တနင်္သာရီ၊ နေပြည်တော်နှင့် စစ်ကိုင်းဈေးကွက်များ၌ တစ်ပိဿာ လျှင် ၅၀၀ကျပ်မှ ၁၁၀၀ကျပ်(၉%မှ ၃၈%)ခန့်ဈေးနှုန်း မြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်အများစုတွင်တစ်ပိဿာ ၃၀၀ ကျပ်မှ ၁၅၀၀ကျပ် (၈% မှ ၃၀%)အတွင်း ဈေးနှုန်း လျော့ကျခဲ့ပါသည်။ အချို့ဈေးကွက်အနည်းငယ်တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။

## ခရမ်းချဉ်




❖ ဇူလိုင်လပထမ(၁၅) ရက် အတွင်း ခရမ်းချဉ်တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ(၁၅၅၀)ကျပ် ဖြစ်ပါသည်။ ယခင်(၁၅) ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အများစုတွင် (၅၀) ကျပ်မှ (၁၀၀၀) ကျပ်ခန့် ဈေးနှုန်းကျသွားပြီး မွန်နှင့် ဧရာဝတီဈေးကွက်တွင် တစ်ပိဿာလျှင် ၁၀၀ ကျပ်မှ ၂၀၀ ကျပ်အတွင်းဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။ ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်းတည်ငြိမ်နေပါသည်။


## ငရုတ်(အစို)




❖ ဇူလိုင်လပထမ(၁၅)ရက်၌ ငရုတ်(အစို)ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၃၈၅၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင် (၆၅၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါကမကွေး နှင့်ရခိုင်ဈေးကွက်တို့၌ တစ်ပိဿာလျှင် ကျပ်၂၀၀ မှ ၉၀၀ကျပ် (၁၀%မှ၂၇%)ခန့် ဈေးနှုန်းကျဆင်းခဲ့ပါသည်။ ဈေးကွက်အများစုတို့၌ တစ်ပိဿာလျှင်(၅၀၀)ကျပ် မှ (၂၅၀၀)ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက် များတွင် ဈေးနှုန်းပြောင်းလဲမှု မရှိသည်ကိုတွေ့ရှိရပါသည်။

## ငရုတ်(အခြောက်)

❖ ဇူလိုင်လပထမ(၁၅)ရက်အတွင်း ငရုတ်(အခြောက်)ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၇၅၅၈)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် (၁၂၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေးနှင့် စစ်ကိုင်းဈေးကွက်တို့၌ တစ်ပိဿာလျှင် ၂၀၀ ကျပ်မှ ၃၀၀ကျပ် (၂.၉%မှ၄.၆%) ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အချို့ တွင်တစ်ပိဿာလျှင်၅၀၀ကျပ်မှ၂၅၀၀ကျပ် (၅%မှ၃၂%) ခန့် ဈေးနှုန်းကျဆင်းခဲ့ပါသည်။ ဈေးကွက်အများစု၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၂ ခုနှစ်၊ ဇူလိုင်ပထမ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၈၀၀၀ | ၄၀၀၀၀ | ၂၂၀၀၀ | ၁၅၀၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | - |
| ငါးမြင်း | ။ | ၇၀၀၀ | - | - | - |
| ငါးတန် | ။ | ၉၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၃၀၀၀ |
| ငါးခူ | ။ | ၁၃၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၄၀၀၀ |
| ငါးကျည်း | ။ | ၁၅၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ။ | ၁၂၀၀၀ | ၁၃၀၀၀ | - | ၁၀၀၀၀ |
| ကကတစ် | ။ | ၂၀၀၀၀ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| တီလားပီးယား | ။ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ။ | ၃၂၀၀၀ | ၃၀၀၀၀ | - | ၁၀၀၀၀ |
| ကင်းမွန် | ။ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၁၀၀၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ။ | ၃၅၀၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၄၀၀၀၀ |
| ပုစွန်ဂျော | ။ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ပုစွန်ဆိတ် | ။ | ၇၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၉၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၁၀၀၀ | ၂၂၀၀၀ |
| ကဏန်းမာ | ။ | ၈၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၉၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၃၀၀၀ | ၈၀၀၀ | ၉၅၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ။ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ။ | ၁၃၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၄၀၀၀ |
| ဝက် | ။ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ။ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၁၈၀၀၀ |
| ဆိတ် | ။ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက်ဥ | လုံး | ၁၈၀ | ၂၀၀ | ၁၈၀ | ၂၅၀ |
| ဘဲဥ | ။ | ၁၉၀ | ၂၅၀ | ၂၀၀ | ၂၅၀ |
| ငုံးဥ | ။ | ၃၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန





# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### ဇွန်လ(၁၇)ရက်နေ့အထိ လယ်ယာထွက်ကုန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်းပေါင်း (၉၆၁.၄၇)သန်းအထိ မြင့်တက်လာခြင်း

- ❖ လက်ရှိဘဏ္ဍာရေးနှစ် (၂၀၂၂-၂၀၂၃)ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ(၁၇)ရက်နေ့အတွင်း လယ်ယာထွက်ကုန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ(၉၆၁.၄၇) သန်းရှိပြီး ယခင်နှစ်ဒေါ်လာသန်းပေါင်း (၉၃၆.၃၆၆) သန်းနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ (၂၅)သန်း အနည်းငယ်တိုးလာကြောင်း၊
- ❖ မြန်မာ့လယ်ယာထွက်ကုန်များကို တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဥရောပနှင့် အာဖရိကနိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း၊ မြန်မာနိုင်ငံသည် ဆန်၊ ပြောင်း၊ ငရုတ်ကောင်း၊ ရော်ဘာ၊ သရက်သီးနှင့် ပဲမျိုးစုံတို့ကို ပင်လယ်ရေကြောင်းလမ်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊
- ❖ COVID-19 ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် မူဆယ်နယ်စပ်နှင့် ချိတ်ဆက်ထားသော စစ်ဆေးရေးဂိတ်များကို တရုတ်နိုင်ငံမှပိတ်ထားခဲ့ပြီးနောက် အစမ်းလည်ပတ်မှုအနေဖြင့် နိုဝင်ဘာလ (၂၆) ရက်နေ့မှစ၍ ကျင်စန်းကျော့စစ်ဆေးရေးဂိတ်တွင် ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်ခဲ့ကြောင်း၊
- ❖ လက်ရှိတွင် ပြည်ပသို့ လယ်ယာထွက်ကုန် တင်ပို့မှုများသည် ဝယ်လိုအားနှင့် ရောင်းလိုအားပေါ် မူတည်နေသောကြောင့် လယ်ယာထွက်ကုန် တစ်ခုစီအတွက် သီးသန့် တင်ပို့မှုအစီအစဉ်များ လိုအပ်လျက်ရှိကြောင်း၊
- ❖ အစိုးရအချင်းချင်း သဘောတူစာချုပ်သည် တောင်သူများအတွက် ခိုင်မာသောဈေးကွက်ကို အာမခံချက်ရှိကြောင်း၊ ကန်ထရိုက်လယ်ယာ စနစ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် စိုက်ပျိုးထုတ်လုပ်သူများအားလုံးသည် ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် တွေ့ဆုံညှိနှိုင်းဆောင် ရွက်ကြရန်လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ပြောကြားကြောင်း၊
- ❖ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သွင်းအားစုကုန်ကျစရိတ်ကြီးမြင့်မှု၊ မျိုးကောင်းမျိုးသန့်များဝယ်ယူမှု၊ စိုက်ပျိုးစရိတ်ကြီးမြင့်မှုနှင့် ရာသီဥတုဖောက်ပြန်မှု စသည့်စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် တောင်သူများအားကူညီပေးရန် ကြိုးပမ်းလျက်ရှိကြောင်း၊ လယ်ယာထွက်ကုန်တင်ပို့မှု တန်ဖိုးသည် လွန်ခဲ့သည့် mini ဘတ်ဂျက်ကာလ (အောက်တိုဘာလ ၂၀၂၁ မှ မတ်လ၂၀၂၂ခုနှစ်)တွင် အမေရိကန်ဒေါ်လာ (၂.၄)ဘီလီယံတန်ဖိုးရှိခဲ့ကြောင်း (၁-၇-၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source (၁-၇-၂၀၂၂)ရက်နေ့ထုတ်The Global New Light of Myanmar သတင်းစာ

★

### တရုတ်နိုင်ငံသို့ တင်ပို့သည့် ဆန်ကွဲများ ဈေးနှုန်းမြင့်မားစွာရရှိခြင်း

- ➢ တရုတ်နိုင်ငံသို့ ဆန်ကွဲတင်ပို့မှုသည် အမြတ်အစွန်းများပြီး အရောင်းအဝယ်ဖြစ်နေသည်ဟု မူဆယ်ဆန်လက်ကားရောင်းဝယ်ရေးဌာနမှ ဦးမင်းသိန်းက ပြောကြားခဲ့ကြောင်း၊
- ➢ လက်ရှိ မူဆယ်ဒေသတွင် ဆန်ကွဲပေါက်ဈေးမှာ (၅၀) ကီလိုဂရမ်တစ်အိတ်လျှင် ၃၆,၀၀၀ ကျပ်(၁၂၀ ယွမ်) ရှိကြောင်း၊ ဆန်ကွဲတင်ပို့မှုအားကောင်းနေကြောင်း၊ ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် ဆန်ကွဲဈေးနှုန်း မြင့်တက်လာကြောင်း၊ ဆန်တစ်အိတ်ဈေးနှုန်းသည် (၅၀) ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် (၄၅,၀၀၀) ခန့်ရှိကြောင်း၊
- ➢ လက်ရှိတွင် မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲအိတ်ပေါင်း (၁၀,၀၀၀)ခန့် ပို့ဆောင်လျက်ရှိကြောင်း၊ အစောပိုင်းတွင် မူဆယ်မှ တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ဆန်နှင့် ဆန်ကွဲအိတ်ပေါင်း (၆၀,၀၀၀)ခန့် တင်ပို့ခဲ့ကြောင်း၊
- ➢ ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ်၊ ဧပြီလ ၁ ရက်နေ့နှင့် ဇွန်လ ၃၀ ရက်နေ့အတွင်း မြန်မာနိုင်ငံသည် ပြည်ပဈေးကွက်သို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် (၅၅၀,၀၀၀) တင်ပို့ခဲ့ကြောင်း၊ ၎င်းတို့အနက် ဆန်တန်ချိန် (၅၁၀,၀၀၀)ကို ပင်လယ်ရေကြောင်းလမ်း မှတစ်ဆင့် ပြည်ပဈေးကွက်သို့တင်ပို့ခဲ့ပြီး၊ တန်ချိန် (၃၃,၀၀၀)ကို အိမ်နီးချင်းနိုင်ငံများသို့ ကုန်းလမ်းမှတစ်ဆင့် တင်ပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် (၂)သန်းခန့်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း(၇၀၀) ကျော် ဝင်ငွေရရှိခဲ့ကြောင်း (၉.၇.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သောThe Global New Light of Myanmar ၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: (၉.၇.၂၀၂၂) ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာ

★

### အိန္ဒိယနိုင်ငံသည် မတ်ပဲတန်ချိန် (၅၀,၀၀၀ မှ ၇၅,၀၀၀)အထိ တင်သွင်းနိုင်ဖွယ်ရှိ

- ✓ အိန္ဒိယနိုင်ငံသည် မတ်ပဲတန်ချိန် (၅၀,၀၀၀ မှ ၇၅,၀၀၀) အထိတင်သွင်းနိုင်ဖွယ်ရှိပြီး ၎င်းတို့သည် အရံသိုလှောင်ထားရန်အတွက် မြန်မာနိုင်ငံမှမတ်ပဲများကို ဝယ်ယူမည်ဖြစ်ကြောင်း Agri World Mumbai မှ ကိုးကားထားသော အစီရင်ခံစာတစ်ခုမှ သိရှိရကြောင်း၊
- ✓ အိန္ဒိယအစိုးရတွင် ပဲတီစိမ်း(Moong) တန်ချိန် (၁၁၀,၀၀၀)၊ မတ်ပဲ (urad)တန်ချိန် (၂၀,၀၀၀)၊ ပဲစဉ်းငုံ (tur) တန်ချိန် (၉,၀၀၀)၊ ပဲနီကလေး(Masoor)တန်ချိန် (၇,၀၀၀) အား အရံကုန်ပစ္စည်းအဖြစ် သိုလှောင်ထားကြောင်း၊
- ✓ အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံဝယ်လိုအားသည် မြင့်တက်လျက်ရှိပြီး ပဲမျိုးစုံဈေးနှုန်းသည် ဆက်လက်မြင့်မားလျက်ရှိကြောင်း၊ ဈေးနှုန်းအတက်အကျကို ထိန်းချုပ်ရန်နှင့် ပဲမျိုးစုံဈေးနှုန်းများ ဖောင်းပွမှုကို တားဆီးရန် အလို့ငှာ ကုန်သည်များအား အိန္ဒိယနိုင်ငံ၏ မူဝါဒအပြောင်းအလဲများကို သတိထားကြရန် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့အစည်း (Aya Trade Centre) မှ အသိပေးထားခဲ့ကြောင်း၊
- ✓ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားခိုင်မာမှုနှင့် ဈေးကွက်တွင် ကုန်ပစ္စည်းလက်ကျန် နည်းပါးသောကြောင့် မြန်မာနိုင်ငံ၏ မတ်ပဲဈေးနှုန်းသည် တစ်တန်လျှင် ကျပ်(၁.၇) သန်းအထက်တွင်ရှိကြောင်း၊
- ✓ ဇွန်လ(၁)ရက်နေ့တွင် မတ်ပဲတစ်တန်လျှင် ကျပ် (၁,၄၅၆,၅၀၀) ပေါက်ဈေးရှိခဲ့ပြီး ဇွန်လ(၃၀)ရက်နေ့တွင်(၁)တန်လျှင်ကျပ်(၁.၇)သန်းသို့ တဟုန်ထိုးဈေးနှုန်းမြင့်တက်ခဲ့ပြီး တစ်တန်လျှင် ကျပ် (၂၄၀,၀၀၀) ခန့် တိုးလာခဲ့ကြောင်း၊
- ✓ အိန္ဒိယနိုင်ငံတွင် မိုးခေါင်ရေရှားမှု အခြေအနေများနှင့် မုတ်သုံရာသီတွင်စိုက်ပျိုးသည့်သီးနှံစိုက်ဧကများ လျော့နည်းသည့်အတွက် အထွက်နှုန်းကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ အိန္ဒိယတောင်သူများသည် ဝါနှင့်ပဲပုပ်ကိုသာ ပိုမိုစိုက်ပျိုးခဲ့ကြပြီး စပါးနှင့် ပဲမျိုးစုံစိုက်ပျိုးသည့်ဧကများမှာ ကျဆင်းခဲ့ကြောင်း၊ (၂၀၂၂)ခုနှစ်တွင် မတ်ပဲစိုက်ဧကများမှာ (၁၉၄,၀၀၀)ဟက်တာမှ (၉၃,၀၀၀) ဟက်တာသို့ ကျဆင်းခဲ့ကြောင်း၊ ထို့ပြင် အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံတင်ပို့သည့် ပါကစ္စတန်နိုင်ငံသည်လည်း ယခုနှစ်တွင် မတ်ပဲအထွက်နှုန်းကျဆင်းခဲ့ကြောင်း၊
- ✓ အိန္ဒိယနိုင်ငံသည် မတ်ပဲနှင့်ပဲစဉ်းငုံအတွက် ပို့ကုန် ကင်းလွတ်ခွင့်များကို (၂၀၂၃)ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ တိုး၍ ဖြေလျှော့ပေးခဲ့ကြောင်း၊မြန်မာနိုင်ငံသည် နှစ်စဉ် မတ်ပဲတန်ချိန်(၄၀၀,၀၀၀)နှင့်ပဲစဉ်းငုံတန်ချိန်(၅၀,၀၀၀) ခန့်ထွက်ရှိကြောင်း (၇.၇.၂၀၂၂)ရက်နေ့ တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/india-likely-to-import-50000-75000-tonnes-of-black-grams/#:~:text= India%20is%20possible%20to%20import,by%20the%20Agri%20World%20Mumbai.

★

### ကမ္ဘာ့စားအုန်းဆီတင်ပို့မှု ပုံမှန်ပြန်ဖြစ်လာပြီးနောက် မြန်မာနိုင်ငံ ဆီထွက်သီးနှံများ တင်ပို့မှု တားမြစ်ချက်ကို ရုတ်သိမ်းလိုက်ခြင်း

- ♣ ကမ္ဘာ့ထိပ်တန်း စားအုန်းဆီတင်ပို့ရောင်းချသူများ ပုံမှန်ပြန်ဖြစ်လာသောကြောင့် မြန်မာနိုင်ငံမှ ဆီထွက်သီးနှံများတင်ပို့မှု ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်ရေးဦးစီးဌာနမှ သိရှိရကြောင်း၊
- ♣ ပြီးခဲ့သောဧပြီလတွင် မြန်မာနိုင်ငံသို့ စားသုံးဆီ အဓိကတင်သွင်းသည့် နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ပြည် တွင်းပြတ်လပ်မှုကို လျှော့ချရန်အတွက် စားသုံးဆီ တင်ပို့ခြင်းအား ပိတ်ပင်ကြေညာလိုက်ကြောင်း ၊ ထို့

ကြောင့် မြန်မာနိုင်ငံသည် ပြည်တွင်းစားသုံးဆီဖူလုံစေရန်အတွက် ဆီထွက်သီးနှံများ (မြေပဲနှင့်နှမ်း)တင်ပို့မှုကို ယာယီရပ်ဆိုင်းထားရကြောင်း၊

- ♣ လက်ရှိတွင် ထိပ်တန်းပို့ကုန်လုပ်ငန်းရှင်များသည် စားသုံးဆီတင်ပို့မှုကို ပြန်လည်စတင်ခဲ့ကြောင်း၊ ပို့ကုန်ရည်ညွှန်းဈေးနှုန်းများသည်နိုင်ငံတကာပင်လယ်ရေကြောင်း၊ ကုန်သွယ်မှုနှုန်းထားနှင့်အညီ သတ်မှတ်ထားကြောင်း၊ ကုန်သွယ်မှုဦးစီးဌာနမှ (၂၀၂၂)ခုနှစ် ဇူလိုင်လ(၅)ရက်နေ့စွဲဖြင့် ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာအရ သိရှိရကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ (မြေပဲနှင့်နှမ်းစေ့)များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပို့ခွင့်ပြုလိုက်ကြောင်း၊
- ♣ ကုန်သည်များအား ဆီထွက်သီးနှံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များအတွက် ပို့ကုန်ရငွေများကို ဒေါ်လာဖြင့်ပေးဆောင်ရန် ဇွန်လ(၃၀)ရက်နေ့တွင် နိုင်ငံခြားသုံးငွေကြီးကြပ်ရေး ကော်မတီမှ ထုတ်ပြန်ခဲ့ကြောင်း၊ ဇူလိုင်လ (၄)ရက်နေ့မှ စတင်၍ ပြောင်း၊ ပဲနှင့် ဆီထွက်သီးနှံများအတွက် ငွေကြေးလွှဲပြောင်းမှုများကို မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဒေါ်လာဖြင့် ပြုလုပ်ခဲ့ကြောင်း (၁၀.၇.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: (၁၀.၇.၂၀၂၂)ရက်နေ့ထုတ် The Global New Light of Myanmarသတင်းစာ

★

## မတ်ပဲတစ်တန်လျှင် ကျပ်(၁.၇)သန်းထိ မြင့်တက်လာခြင်း

- ပဲဈေးကွက်အတွင်း မတ်ပဲတစ်တန်လျှင် ငွေကျပ် (၁.၇) သန်းခန့်ထိ မြင့်တက်လာကြောင်း၊ ဇွန်လ ၁ ရက်နေ့တွင် မတ်ပဲတစ်တန်လျှင် ကျပ်(၁၄)သိန်း (၅)သောင်းကျော်ရှိခဲ့ပြီး ဇွန်လ(၂၉)ရက်နေ့တွင် တစ်တန်လျှင် ကျပ်(၁၆)သိန်း(၉)သောင်းကျော်ထိ မြင့်တက်လာခဲ့ရာ တစ်လအတွင်းမှာပင် တစ်တန်လျှင် ငွေကျပ်(၂)သိန်းကျော် မြင့်တက်လာခဲ့ ခြင်းဖြစ်ကြောင်း၊
- မြန်မာ့မတ်ပဲကို အဓိကဝယ်ယူနေသည့် အိန္ဒိယနိုင်ငံ၏ ပဲစားသုံးမှုမြင့်တက်လာသောကြောင့် ဒေသတွင်းမတ်ပဲဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ထို့အပြင် အိန္ဒိယအစိုးရသည် ပဲမျိုးစုံအခြေခံဈေးနှုန်း သတ်မှတ်ချက်များအား တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း၊
- ၎င်းတို့မှာ ပဲစဉ်းငုံနှင့် မတ်ပဲအတွက် (၆,၃၀၀)ရူပီးမှ (၆,၆၀၀)ရူပီး၊ပဲတီစိမ်းအတွက် (၇,၂၇၅)ရူပီးမှ (၇,၇၅၅)ရူပီး၊ပဲပုပ်အတွက်(၃,၉၅၀)ရူပီးမှ(၄,၃၀၀)ရူပီး၊ နှမ်းသီးနှံအတွက် (၇,၃၀၃) ရူပီးမှ (၇,၈၃၀)ရူပီး၊ နေကြာအတွက် (၆,၀၁၅)ရူပီးမှ (၆,၄၀၀)ရူပီးနှင့် မြေပဲအတွက် (၅,၅၅၀) ရူပီးမှ (၅,၈၅၀) ရူပီးအထိ တိုးမြှင့်ခဲ့ကြောင်း၊
- အိန္ဒိယ၏ဝယ်လိုအားတိုးတက်လာပါက ဈေးနှုန်းသည် အတက်ဘက်သို့ ဆက်လက်ရှိနေမည်ဟု မျှော်မှန်းထားကြောင်း၊ ပြည်တွင်းဈေးကွက်တွင် လက်ရှိဖြစ်ပေါ်နေသော မတ်ပဲဈေးများသည် ဒေါ်လာငွေလဲလှယ်နှုန်းနှင့် စက်သုံးဆီဈေး မြင့်တက်မှုတို့အပေါ် မူတည်နေကြောင်း၊
- အိန္ဒိယ၏ နှစ်စဉ်မတ်ပဲစားသုံးမှုမှာ တန်ချိန် (၂.၇-၂.၈)သန်းခန့်ရှိကြောင်း ခန့်မှန်းထားကြောင်း၊ အိန္ဒိယနိုင်ငံသည် (၂၀၂၃)ခုနှစ် မတ်လ ၃၁ ရက်နေ့ထိ မတ်ပဲနှင့်ပဲစဉ်းငုံအတွက်ကုန်စည်ပို့ဆောင်မှုနှင့်စပ်လျဉ်းသည့်ကန့်သတ်များကို ဖြေလျှော့ပေးခဲ့ကြောင်း၊
- ယခု ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၁၇ ရက်နေ့အတွင်း ပဲမျိုးစုံမှ အမေရိကန်ဒေါ်လာ (၃၂၂.၄၁၁)သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် (၄၂၆,၆၄၃)ကို နိုင်ငံခြား ကုန်သွယ်မှုမိတ်ဖက်များသို့ တင်ပို့ခဲ့ကြောင်း၊
- ပြည်ပဈေးကွက်သို့ ပင်လယ်ရေ ကြောင်းမှ အမေရိကန်ဒေါ်လာ (၂၅၉.၄၉၆)သန်းတန် ဖိုးရှိ ပဲမျိုးစုံတန်ချိန် (၃၃၁,၈၁၄,၅၈၃)ကျော် တင်ပို့ ခဲ့ပြီး အမေရိကန်ဒေါ်လာ (၆၂,၉၄၅)သန်းတန်ဖိုးရှိ ပဲမျိုးစုံ တန်ချိန် (၉၄,၈၂၈) ကျော်ကို အိမ်နီးချင်းနိုင်ငံများသို့နယ် စပ်ကုန်သွယ်ရေး လမ်းကြောင်းဖြင့် တင်ပို့ခဲ့ကြောင်း၊
- မြန်မာနိုင်ငံသည် လွန်ခဲ့သည့်(၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁.၅၇)ဘီလီယံတန်ဖိုးရှိ ပဲမျိုးစုံ တန်ချိန် (၂)သန်းကျော်ကိုပြည်ပကုန်သွယ်မှုမိတ်ဖက်များသို့ တင်ပို့ခဲ့ကြောင်း၊ ပြည်ပဈေးကွက်သို့ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ (၉၆၆.၄) သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန်(၁.၂၄)သန်းကို တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ(၆၀၄.၃)သန်း တန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် (၇၈၆,၉၂၀)တန်ကိုနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း၊
- မြန်မာနိုင်ငံတွင်နှစ်စဉ် မတ်ပဲတန်ချိန် (၄)သိန်းခန့်နှင့် ပဲစဉ်းငုံတန်ချိန် (၅)သောင်းခန့် ထွက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ အဓိကဝယ်လိုအားဖြစ်သော မတ်ပဲထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံဖြစ်ပြီး ပဲစဉ်းငုံ၊ မတ်ပဲနှင့် ကုလားပဲကို မြန်မာနိုင်ငံအပြင် ဩစတြေးလျနှင့် အာဖရိကနိုင်ငံများတွင် စိုက်ပျိုးလျက်ရှိကြောင်း (၃၀.၆.၂၀၂၂)ရက်နေ့ထုတ် The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source (၃၀-၆-၂၀၂၂)ရက်နေ့ထုတ်The Global New Light of Myanmar သတင်းစာ

★

# ပြည်ပသတင်းများ

## ကမ္ဘာ့ကုန်ဈေးနှုန်းကျဆင်းမှုသည် ဘင်္ဂလားဒေ့ရှ် ပြည်တွင်းဈေးကွက်အပေါ် အနည်းငယ်သက်ရောက်မှုရှိခြင်း

- ကမ္ဘာ့ဈေးကွက်တွင် ပဲပုပ်ဆီကြမ်းဈေး ၂၆ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း လက်ရှိဘင်္ဂလားဒေ့ရှ်ပြည်တွင်းဈေးနှုန်းကို လျှော့ချနိုင်မည့် အခြေအနေမရှိသေးကြောင်း၊
- ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်အမေရိကရှိ အာဂျင်တီးနားနိုင်ငံမှ ပဲပုပ်ဆီ အမြောက်အမြားတင်သွင်းနေရပြီး လွန်ခဲ့သည့်တစ်လအတွင်း တင်သွင်းခဲ့သည့် ပဲပုပ်ဆီကြမ်းဈေး ကျဆင်းခဲ့ကြောင်း၊
- ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် အာဂျင်တီးနားရှိ ပဲပုပ်ဆီကြမ်းဈေးသည် တစ်တန်လျှင် (၁,၄၆၄)ဒေါ်လာဖြစ်ပြီး လွန်ခဲ့သည့်လက တစ်တန်လျှင် (၁,၉၇၀) ဒေါ်လာဖြစ်ကြောင်းဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးနှင့်အခွန်ကော်မရှင် (BTTC)၏ တွက်ချက်မှုအရ သိရှိရကြောင်း၊ ထို့ကြောင့် ပဲပုပ်ဆီကြမ်းဈေးသည် တစ်လအတွင်း (၂၆)ရာခိုင်နှုန်းခန့်ကျဆင်းသွားခဲ့ကြောင်း၊
- ပဲပုပ်ဆီအပါအဝင် ကမ္ဘာ့ဈေးကွက်ရှိ အမြင့်ဘက်သို့ ဦးတည်လျက်ရှိသော ကုန်ဈေးနှုန်းများသည် ယခုအချိန်မှစ၍ စတင်ကျဆင်းလာကြောင်း၊ ဆန်၊ စားသုံးဆီ၊ ဂျုံ၊ သကြားနှင့် ပဲအမျိုးမျိုးဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း၊ သို့သော် ဘင်္ဂလားဒေ့ရှ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကမ္ဘာ့ပဲပုပ်ဆီဈေးကွက်နှင့် ပဲပုပ်ဆီဈေးနှုန်းကို ညှိနှိုင်းချိတ်ဆက်ရန် တစ်စုံတစ်ရာ ဆောင်ရွက်မှု မရှိသေးကြောင်း၊
- BTTC အဖွဲ့ဝင်ဟောင်း Mostafa Abid Khan မှ ကမ္ဘာ့ဈေးကွက်တွင် မရှိမဖြစ် လိုအပ်သောကုန်ပစ္စည်းများ ဈေးနှုန်းကျဆင်းခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် သတင်းကောင်း ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း၊ သို့သော် အမေရိကန်ဒေါ်လာ၏ မတည်ငြိမ်သော ငွေကြေးလဲလှယ်နှုန်းသည် ကုန်စည်နှင့် စားသုံးဆီများ၏ ဈေးနှုန်းကို ညှိနှိုင်းရာတွင် အရေးကြီးသော အချက်တစ်ချက်ဖြစ်ကြောင်းနှင့် အချို့သောကုန် ပစ္စည်းများ၏ ဈေးနှုန်းများမှာ လက်ကားဈေးကွက်တွင် ကျဆင်းနေသော်လည်း လက်လီဈေးကွက်အပေါ် သက်ရောက်မှုကို မတွေ့ရသေးကြောင်း Mostafa Abid Khan မှ ပြောကြားခဲ့ကြောင်း (၂၄.၆.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော https://unb.com.bd/ ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်လင်းလဲ့ရည်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://unb.com.bd/m/category/Business/global-decrease-in-commodity-price-has-little-impact-on-local-market/95591

★

## ဗီယက်နမ်သည် အမေရိကန်သို့ ကော်ဖီတင်ပို့နိုင်မည့် အခွင့်အလမ်းကောင်း များရှိခြင်း

- ဗီယက်နမ်နိုင်ငံသည် အမေရိကန်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ကော်ဖီဈေးနှုန်း မြင့်တက်လာပြီး အဆိုပါဈေးကွက်မှ အကျိုးအမြတ်ပိုမိုရရှိရန် မျှော်မှန်းထားကြောင်း၊ ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ (၂၀၂၂)ခုနှစ် ပထမ(၅)လအတွင်းဗီယက်နမ်နိုင်ငံသည် အမေရိကန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ (၁၂၄.၉၅)သန်းတန်ဖိုးရှိ ကော်ဖီ (၅၀,၅၈၀) တန်ချိန်ကို တင်ပို့ခဲ့ပြီး ပမာဏအားဖြင့် (၂.၉)ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် (၂၃.၆)ရာခိုင်နှုန်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာခဲ့ကြောင်း၊
- အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံသည် တစ်တန်လျှင်(၂,၄၇၀)ဒေါ်လာရရှိခဲ့ပြီးယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက (၂၇.၂)ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ (၂၀၂၀-၂၀၂၅)ကာလအတွင်း အမေရိကန်ကော်ဖီဈေးကွက်သည် ပျမ်းမျှ(၄.၈)ရာခိုင်နှုန်း တိုးပွားလာမည်ဟု ကျွမ်းကျင်သူများမှ ခန့်မှန်းထားကြောင်း၊ ဈေးကွက်တိုးပွားလာမှုကို တွန်းအားပေးသည့် အဓိကအကြောင်းရင်းများမှာ အလုပ်ချိန်ကြာကြာလုပ်ရခြင်းနှင့် အနားယူချိန်နည်းသော လူနေမှုပုံစံများ ပိုမိုများပြားလာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊

- အခွင့်အလမ်းကြီးမားသော်လည်း ပို့ကုန်သွင်းကုန်ဌာနမှ ပိုမိုအလေးထားဆောင်ရွက် နေရပြီး ပို့ကုန်လုပ်ငန်းရှင်များကို အမေရိကန်၏ ထုတ်လုပ်မှုစံနှုန်းများကို အာရုံစိုက်ရန် အကြံပြုထားကြောင်း (၃.၇.၂၀၂၂)ရက်နေ့တွင် https://en.vietnamplus.vn/ ကွန်ယက်၏ထုတ်ပြန်ချက်အရ သိရှိရပါသည်။

ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://en.vietnamplus.vn/vietnam-sees-more-chances-for-coffee-exports-to-the-us/231931.vnp

## အိန္ဒိယတွင် ဖွဲနုသည် လူကြိုက်များသောကုန်စည်တစ်ခု ဖြစ်လာခြင်း

- ကမ္ဘာ့အများဆုံး ဟင်းသီးဟင်းရွက်ဆီတင်သွင်းသော အိန္ဒိယနိုင်ငံတွင် စားသုံးဆီ ပြတ်လပ်မှုကို ကျော်လွှားရန်ကြိုးပမ်းနေသောကြောင့် ဖွဲနုသည် အိန္ဒိယတွင် လူကြိုက်များရှားပါးသော ကုန်ပစ္စည်းတစ်ခု ဖြစ်လာကြောင်း၊ စပါးကြိတ်ခွဲခြင်း၏ ဘေးထွက်ပစ္စည်းတစ်ခုဖြစ်သည့် ဖွဲနုကို နွားနှင့် ကြက်စာအတွက် ရှေးယခင်မှစ၍ အသုံးပြုခဲ့ကြောင်း၊ မကြာသေးမီ နှစ်များအတွင်း ဆီစက်များသည် စားသုံးသူများကြား ရေပန်းစားသည့် ကျန်းမာရေးနှင့် ညီညွတ်သော ဆန်မှုဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို စတင်ခဲ့ကြောင်း၊
- မကြာသေးမီက အင်ဒိုနီးရှား၏ စားအုန်းဆီတင်ပို့မှုအပေါ် ကန့်သတ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ စားသုံးဆီဈေးနှုန်းများ မြင့်တက်လာမှုနှင့် ယူကရိန်းမှ နေကြာဆီ တင်ပို့ရောင်းချမှု အဟန့်အတားများကြောင့် နေကြာဆီနှင့် အရသာတူသော ဖွဲနုဆီဝယ်လိုအားကို မြင့်တက်လာစေကြောင်း၊
- ယူကရိန်းမှ နေကြာဆီတင်သွင်းမှု ကျဆင်းနေချိန်တွင် စားသုံးသူများမှ ဖွဲနုဆီကို အစားထိုးအသုံးပြုလာကြကြောင်း နိုင်ငံတကာဖွဲနုဆီအသင်း (IARBO)၏ အထွေထွေအတွင်းရေးမှူး B.V. Mehtaမှ ပြောကြားခဲ့ကြောင်း၊ အိန္ဒိယသည် ၎င်း၏ နေကြာဆီ လိုအပ်ချက် သုံးပုံနှစ်ပုံကျော်ကို ယူကရိန်းမှတစ်ဆင့် တင်သွင်းလေ့ရှိကြောင်း၊
- COVID-19ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို ရွေးချယ်ဝယ်ယူလာကြောင်း၊ လွန်ခဲ့သည့် (၆)လခန့်တွင် ကျန်းမာရေးအတွက် ဖွဲနုဆီကို ပထမဆုံး အသုံးပြုခဲ့ကြောင်း၊ အရသာကောင်းမွန်ကြောင်း၊ Cholestrol နည်းပြီး Anti-oxidative ကြွယ်ဝသောကြောင့် ကျန်းမာရေးအတွက်လည်းကောင်းမွန်ကြောင်း၊ နေကြာဆီမှ ဖွဲနုဆီသို့ ပြောင်းလဲအသုံးပြုခဲ့သော မွမ်ဘိုင်းအခြေစိုက် အိမ်ဖော်တစ်ဦးဖြစ်သူ Aditi Sharma ၏ ပြောကြား ချက်အရ သိရှိရကြောင်း၊ အိန္ဒိယနိုင်ငံတွင် ဖွဲနုဆီတစ်တန်လျှင် အိန္ဒိယရူပီး (၁၄၇,၀၀၀) (ဒေါ်လာ ၁,၈၇၉)ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး နေကြာဆီသည် တစ်တန်လျှင် ရူပီး (၁၇၀,၀၀၀) ရှိကြောင်း၊

**<u>ဘေးထွက်ပစ္စည်းမှ အဓိကထုတ်ကုန်ဖြစ်လာခြင်း</u>**

- ဖွဲနုဆီဝယ်လိုအားသည် အလွန်အားကောင်းလာသဖြင့် ယခုအခါ ဖွဲနုဆီထွက်ရှိမှုကို ဦးစားပေးလုပ်ကိုင်နေသော ဆန်စက်လုပ်ငန်းရှင်များ၏ စီးပွားရေးကို အလှည့်အပြောင်း ဖြစ်စေကြောင်း၊ ယခုအခါ ဖွဲနုသည် ဆန်စက်များအတွက် ဘေးထွက်ပစ္စည်းမဟုတ်တော့ပဲ အဓိကထုတ်ကုန်ဖြစ်လာကြောင်း အိန္ဒိယနိုင်ငံ၏ ဖွဲနုဆီအများဆုံးထုတ်လုပ်သော Ricela Group မှ အမှုဆောင်အရာရှိချုပ် Puneet Goyal ၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ဟင်းသီးဟင်းရွက်ဆီပြတ်လပ်သည်နှင့်အမျှ ဆီစက်များသည်ဖွဲနုကိုစံချိန်တင်မြင့်မြင့်မားမားဈေးဖြင့် ပေးဆောင်ရန် ရည်ရွယ်နေကြောင်း အိန္ဒိယဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ B.V. Krishna Rao မှ ပြောကြားခဲ့ကြောင်း၊ ဖွဲနုဈေးသည် တစ်တန်လျှင် ရူပီး (၃၀,၀၀၀)မှ ရူပီး (၃၆,၀၀၀) သို့ မြင့်တက်သွားပြီး စပါးဈေးမှာ ရူပီး (၁၉,၀၀၀)ခန့်ရှိကြောင်း၊

**<u>ဝယ်လိုအားမြင့်တက်လာခြင်း</u>**

- ယခင်က စားအုန်းဆီ၊ ပဲပုပ်ဆီ၊ နေကြာဆီနှင့် မုန်ညှင်းဆီများကို အဓိကဝယ်နေသည့် ကုမ္ပဏီများသည် ယခုအခါ ဖွဲနုဆီထွက်ကုန်များကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း Agarwal မှပြောကြားခဲ့ကြောင်း၊ ကုမ္ပဏီအနည်းငယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဖွဲနုဆီတင်သွင်းနေကြသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်ပင် ပိုလျှံမှုများကို တင်ပို့မှုအတွက် ကန့်သတ်ထားပါကြောင်း (၂၄.၆.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော https://www.livemint.com/ ကွန်ယက်၏ သတင်းထုတ်ပြန်မှုအရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.livemint.com/news/india/rice-bran-now-becomes-hot-commodity-in-india-11656049721863.html

## ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ ဇွန်လတွင် ဆက်လက်ကျဆင်းခဲ့ခြင်း

- ✓ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ ဇွန်လတွင် သုံးလဆက်တိုက်ကျဆင်းခဲ့ပြီး ဂျုံဈေးနှုန်းသည် ပထမဆုံးအနေဖြင့် ကျဆင်းခဲ့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (FAO)မှ သောကြာ နေ့တွင်ထုတ်ပြန်ခဲ့ကြောင်း၊
- ✓ ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးသည့်နောက် ကုန်ပစ္စည်းများ၏ နိုင်ငံတကာဈေးနှုန်းများ လအလိုက်ပြောင်းလဲမှုကိုအခြေခံသော FAO ၏ စားနပ်ရိက္ခာဈေးနှုန်း အညွှန်းကိန်းများဖော်ပြရာတွင် နံ့စားသီးနှံများ၊ ဟင်းသီးဟင်းရွက်ဆီများ၊ သကြားကဲ့သို့သော ကုန်ပစ္စည်းများ၏ အညွှန်းကိန်းများသည် (၂.၃)ရာခိုင်နှုန်းသို့ အနည်းငယ်ကျဆင်းခဲ့ကြောင်း၊
- ✓ FAO နံ့စားသီးနှံဈေးနှုန်းအညွှန်းကိန်းသည် ဇွန်လတွင် ၄.၁% ကျဆင်းခဲ့ကြောင်း၊မတ်လ၌ ဂျုံဈေးနှုန်းစံချိန်တင်မြင့်တက်ခဲ့ပြီးနောက် နိုင်ငံတကာ ဂျုံဈေးနှုန်းသည် ပထမဆုံးအကြိမ်အဖြစ်ကျဆင်းခဲ့ကြောင်း၊ကမ္ဘာ့မြောက်ဘက်ခြမ်းနိုင်ငံများတွင် ရာသီသီးနှံအသစ်များ ပေါ်ပေါ်များများစိုက်ပျိုးလာမှု၊ ကနေဒါနိုင်ငံကဲ့သို့ အဓိကသီးနှံအချို့ထုတ်လုပ်သောနိုင်ငံများတွင် စိုက်ပျိုးထုတ် လုပ်မှုတိုးတက်ကောင်းမွန်လာမှုနှင့် ရုရှားဖက်ဒရယ်ပြည်ထောင်စုတွင် ပိုမိုမြင့်မားသော ထုတ်လုပ်မှုအလားလာရှိမှုတို့ကြောင့်ဈေးနှုန်းကျဆင်းသွားခြင်းဖြစ်ကြောင်း၊
- ✓ အင်ဒိုနီးရှားနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာမှုနှင့် ကောင်းမွန်သော အလားအလာတို့ကြောင့် နေကြာ၊ ပဲပုပ်နှင့် စားအုန်းဆီဈေးနှုန်းများ ကျဆင်းသွားခဲ့သဖြင့် FAO ၏ ဟင်းသီးဟင်းရွက်ဆီ အညွှန်းကိန်း မှာလည်း (၇.၆)ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း၊
- ✓ သို့သော်လည်း ထိုကျဆင်းမှုများနှင့် ဆန့်ကျင်ဘက်အနေဖြင့် FAO ၏ အသားဈေးနှုန်း အညွှန်းကိန်းမှာ ဇွန်လတွင် (၁.၇)ရာခိုင်နှုန်း မြင့်တက်ခဲ့သဖြင့် စံချိန်သစ်တစ်ခုဖြစ်ခဲ့ကြောင်း၊ ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာရောင်းလိုအားများ ဆက်တိုက်အကျပ်အတည်းဖြစ်မှုနှင့် ကမ္ဘာ့မြောက်ခြမ်းရှိနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသည့်အတွက် ကြက်သားကဲ့သို့သော ကမ္ဘာ့အသားဈေးနှုန်းများတက်လာခြင်းဖြစ်ကြောင်း FAO မှ ထုတ်ပြန်ခဲ့ကြောင်း၊
- ✓ FAO သည် ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ နံ့စားသီးနှံထုတ်လုပ်မှုမှာ တန်ချိန်ပေါင်း (၂.၈)ဘီလီယံနှင့် နောက်ထပ်တန်ချိန် (၇)သန်း တိုးမြင့်ထုတ်လုပ်နိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ ထိုသို့ခန့်မှန်းထားသော်လည်း ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုမှာ (၂၀၂၁) ခုနှစ်ထက် (၀.၆)ရာခိုင်နှုန်း ဆက်လက်နည်းနေမည်ဖြစ်ကြောင်း (၈.၇.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်သော The Global New Light of Myanmar သတင်းဆောင်းပါးအရသိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://moroccolatestnews.Com/world-food-prices-continue-to-fall-in-june/

## အိန္ဒိယနိုင်ငံသည် ဂျုံတင်ပို့မှုကို ကန့်သတ်ပြီးနောက် ယခုအခါ ဂျုံမှုန့်နှင့် ဆက်စပ်ပစ္စည်းများ တင်ပို့မှုကိုပါ ထပ်မံကန့်သတ်လိုက်ခြင်း

- ❖ အိန္ဒိယနိုင်ငံသည် ဂျုံတင်ပို့မှုကို ကန့်သတ်ပြီးနောက် ယခုအခါ ဂျုံမှုန့်နှင့် ဆက်စပ်ပစ္စည်းများတင်ပို့မှုကိုပါ ထပ်မံကန့်သတ်လိုက်ကြောင်းသိရှိရကြောင်း၊
- ❖ အိန္ဒိယနိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များမှ ပြည်ပသို့ ဂျုံတင်ပို့မှုမပြုမီ ဝန်ကြီးဌာနအတွင်း ညှိနှိုင်းရေး ကော်မတီထံမှ ကြိုတင်ခွင့်ပြုချက်ရယူရန် မဖြစ်မနေ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊နိုင်ငံခြားကုန်သွယ်မှု၊ ညွှန်ကြားရေးမှူးချုပ် (DGFT) ၏ ဇူလိုင်လ ၆ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ အဆိုပါအမိန့်သည် ဇူလိုင် (၁၂)ရက်မှ စတင်အသက်ဝင်မည်ဖြစ်ကြောင်း၊ဇူလိုင်(၆)ရက်နေ့မှ (၁၂)ရက်နေ့အတွင်း အမိန့်ကြော်ငြာချက်စတင်ခဲ့ခြင်းကြောင့် ဇူလိုင်လ (၆)ရက်နေ့မတိုင်ခင် သင်္ဘောတင်ခြင်း (သို့) အမိန့်ကြော်ငြာစာ မစတင်မီ အကောက်ခွန်သို့ လွှဲပြောင်းပေးအပ်သည့် သင်္ဘောများကို တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း၊ သို့သော် ဂျုံနှင့်မတူသည်မှာ ဂျုံမှုန့်နှင့် ဆက်စပ်ပစ္စည်းများ၏ တင်ပို့မှုအပေါ် တိတိကျကျဖော်ပြထားခြင်းမရှိကြောင်း၊
- ❖ မေလ(၁၃)ရက်နေ့တွင် ဂျုံတင်ပို့မှု တားမြစ်ခံရပြီးသည့် အချိန်မှစ၍ ဂျုံမှုန့်ဈေးများ ပြောင်းသွားသော်လည်း

တင်ပို့မှု ကန့်သတ်ချက် ချမှတ်ထားကြောင်း၊ အိန္ဒိယနိုင်ငံသည် (၂၀၂၂) ခုနှစ်၊ ဧပြီလတွင် ဂျုံမှုန့်တန်ချိန်ပေါင်း(၉၆,၀၀၀)တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလ ဂျုံမှုန့်တင်ပို့မှု တန်ချိန်ပေါင်း (၂၆,၀၀၀)မှ မြင့်တက်ခဲ့သောကြောင့် (၂၀၂၂) ဘဏ္ဍာနှစ်တွင် ဂျုံမှုန့်တင်ပို့မှု အဆမတန် မြင့်တက်လာခဲ့ကြောင်း၊

❖ အိန္ဒိယနိုင်ငံ၏ (၂၀၂၂)ဘဏ္ဍာနှစ်၊ ဂျုံတင်ပို့မှုသည် အမေရိကန်ဒေါ်လာ (၂.၁၂)ဘီလီယံတန်ဖိုးရှိ တန်ချိန် (၇)သန်းကျော်တင်ပို့ခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် (၂၇၄)ရာခိုင်နှုန်းထိ ပိုမိုတင်ပို့ခဲ့ကြောင်း၊

❖ အိန္ဒိယနိုင်ငံသည် ဂျုံတင်ပို့မှုကို ကန့်သတ်ခြင်း မရှိခဲ့ပါက တန်ချိန်(၈-၁၀)သန်းခန့်ထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ တင်ပို့မှုသည် ခန့်မှန်းခြေ တန်ချိန် (၄-၄.၅)သန်း (သို့) ၎င်းပမာဏထက်ပိုလျော့၍ တင်ပို့ရမည်ဟု ကန့်သတ်ထားကြောင်း (၈.၇.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် The Business Standard ကွန်ယက်၏ သတင်းအချက်အလက်အရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source https://www.business-standard.com/article/economy-policy/after-wheat-india-now-curbs-the-export-of-wheat-flour-and-related-products-122070700135_1.html

## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ပထမ (၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ရွှေဝတီ |
| မနောသုခ | ၃၇၀၀၀ | ၄၅၀၀၀ | ၃၉၀၀၀ | ၃၇၀၀၀ | ၃၄၀၀၀ |
| ဆင်းသုခ | ၃၇၀၀၀ | ၄၅၀၀၀ | ၄၂၅၀၀ | ၃၈၀၀၀ | ၃၄၀၀၀ |
| ရှောမင်း | ၄၂၀၀၀ | ၄၅၀၀၀ | ၄၉၀၈၀၀ | ၄၇၅၀၀ | ၃၅၀၀၀ |
| ပေါ်ဆန်း | ၇၀၀၀၀ | ၆၀၀၀၀ | ၆၆၅၀၀ | ၆၂၀၀၀ | ၅၃၀၀၀ |



## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ပထမ (၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၁၀၀၀ | ၁၂၀၀၀ | ၁၀၉၀၀ | ၁၀၈၀၀ | ၁၁၀၀၀ |
| နှမ်းဆီ | ၁၀၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၈၀၀ | ၁၀၀၀၀ |
| နေကြာဆီ | ၉၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၉၅၀၀ |
| စားအုန်းဆီ | ၇၂၀၀ | ၈၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၇၅၀ |

## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ပထမ (၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေဩဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ရွှေဝတီ |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၉၁၀၀၀ | ၉၇၂၀၀ | ၉၂၀၀၀ | ၉၆၅၀၀ | ၉၆၈၀၀ |
| - ရွှေတောင် | ၈၅၀၀၀ | ၉၅၀၀၀ | ၉၅၀၀၀ | - | ၉၅၀၀၀ |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၀၀၀ | ၉၄၀၀၀ | ၉၈၀၀၀ | ၉၇၀၀၀ |
| - ရွှေနဂါး | ၉၀၀၀၀ | ၉၅၀၀၀ | ၈၅၅၀၀ | ၇၀၀၀၀ | ၉၉၀၀၀ |
| - ဝိစာရ | ၉၄၀၀၀ | ၉၀၀၀၀ | ၈၇၅၀၀ | - | ၉၇၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၉၆၀၀၀ | ၇၅၈၀၀ | ၉၂၀၀၀ | ၈၇၀၀၀ |
| - အာမို | ၉၀၀၀၀ | ၉၇၀၀၀ | ၈၇၅၀၀ | ၉၅၀၀၀ | ၉၀၀၀၀ |
| - ဩဘာ/ ကောမက် | ၈၅၀၀၀ | ၉၇၀၀၀ | ၇၅၀၀၀ | - | - |
| - ဝိစာရ | ၉၀၀၀၀ | ၉၅၀၀၀ | ၈၅၀၀၀ | - | - |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၉၁၀၀၀ | ၈၁၅၀၀ | ၇၃၅၀၀ | ၈၀၀၀၀ |
| - ဝိစာရ | - | ၈၄၀၀၀ | ၈၂၅၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၉၁၀၀၀ | ၈၃၀၀၀ | ၉၅၀၀၀ | ၈၂၀၀၀ |
| - ဩဘာ | - | ၉၁၀၀၀ | ၉၅၀၀၀ | - | - |
| **ကွန်ပေါင်း** | | | | | |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၉၀၀ | ၉၀၀၀၀ | ၉၈၀၀၀ | ၈၇၅၀၀ |
| - အာမို | ၁၀၀၀၀၀ | ၉၉၀၀၀ | ၉၄၀၀၀ | ၉၅၀၀၀ | ၈၇၅၀၀ |
| - ဝိစာရ | ၉၀၀၀၀ | ၉၃၀၀၀ | ၉၃၀၀၀ | - | ၈၆၀၀၀ |
| - ရွှေနဂါး | ၉၄၀၀၀ | ၉၅၀၀၀ | ၈၅၀၀၀ | - | ၈၆၅၀၀ |
| - သံကွင်း | ၁၂၀၀၀၀ | ၉၀၀၀၀ | ၈၅၀၀၀ | - | ၈၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ရွှေဝတီ |
| မနောသုခ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ |
| ဆင်းသုခ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ |
| ရှောမင်း | ၁၇၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ |
| ပေါ်ဆန်း | ၂၀၀၀၀ | - | - | ၁၆၀၀၀ | ၁၅၀၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ ၂၀၂၂ ခုနှစ် ဇွန်လဒုတိယပတ်နှင့် ဇွန်လတတိယပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | ဇွန်လ ဒုတိယပတ် | ဇွန်လ တတိယပတ် | အတိုး/ အလျော့ |
| မတ်ပဲ | US$ | ၉.၁၁၁ | ၆.၁၈၈ | (-)၂.၉၂၃ |
| | ကီလို | ၁၁၂၁၁.၃၉၄ | ၇၆၂၀.၈၁၅ | (-)၃၅၉၀.၅၇၉ |
| ပဲတီစိမ်း | US$ | ၁၀.၀၁၁ | ၁၄.၁၂၈ | (+)၄.၁၁၇ |
| | ကီလို | ၁၃၅၅၁.၅၂၃ | ၁၈၆၉၃.၀၄၉ | (+)၅၁၄၁.၅၂၆ |
| ပဲတီစိမ်းလုံးခြမ်း | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲစဉ်းငုံ | US$ | ၀.၀၀၅ | ၀.၁၅၇ | (+)၀.၁၅၂ |
| | ကီလို | ၇.၀၂ | ၂၁၃.၅၁ | (+)၂၀၆.၄၉ |
| ကုလားပဲ | US$ | ၀.၆၀၇ | ၀.၆၇၅ | (+)၀.၀၆၈ |
| | ကီလို | ၉၁၅ | ၁၀၁၆ | (+)၁၀၁ |
| ပဲလွန်းဖြူ | US$ | ၀.၃၉၆ | ၀.၇၄၆ | (+)၀.၃၅ |
| | ကီလို | ၅၇၂.၃၅ | ၁၁၁၆.၁၇၈ | (+)၅၄၃.၈၂၈ |
| မြေထောက်ပဲ | US$ | ၁.၄၂၄ | ၁.၄၄၈ | (+)၀.၀၂၄ |
| | ကီလို | ၂၀၉၂.၅၀၈ | ၁၉၆၃.၅၃၈ | (-)၁၂၈.၉၇ |
| ထောပတ်ပဲ | US$ | ၀.၆၈၅ | ၁.၄၆၄ | (+)၀.၇၇၉ |
| | ကီလို | ၁၀၅၉ | ၁၇၃၂.၄ | (+)၆၇၃.၄ |
| ပဲယင်း | US$ | ၀.၆၃၂ | ၁.၀၈၆ | (+)၀.၄၅၄ |
| | ကီလို | ၁၂၁၁.၅ | ၁၈၂၀.၄ | (+)၆၀၈.၉ |
| ပဲကြီး | US$ | ၀.၁၆၃ | ၀.၀၆၃ | (-)၀.၁ |
| | ကီလို | ၃၀၄.၂၅ | ၁၂၁ | (-)၁၈၃.၂၅ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၀၆၄ | ၀.၂၀၂ | ၀.၁၃၈ |
| | ကီလို | ၁၁၃ | ၃၆၁ | (+)၂၄၈ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲဖြူကလေး | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ဘိုကိတ်ပဲ | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲနီကြား | US$ | ၀.၀၈ | ၀.၀၈၃ | (+)၀.၀၀၃ |
| | ကီလို | ၂၀၃.၅ | ၂၂၂.၉ | (+)၁၉.၄ |
| နိုင်လွန်ပဲ | US$ | ၀.၀၅၁ | ၀.၀၅၂ | (+)၀.၀၀၁ |
| | ကီလို | ၆၈.၆၅ | ၆၉ | (+)၀.၃၅ |
| မြေပဲ (အခွံပါ) | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| မြေပဲဆံ | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| အခြားပဲ | US$ | ၀ | ၀.၀၀၂ | (+)၀.၀၀၂ |
| | ကီလို | ၀.၃၉ | ၀.၂၇ | (-)၀.၁၂ |
| စုစုပေါင်း | US$ | ၂၃.၂၂၉ | ၂၆.၂၉၄ | (+) ၃.၀၆၅ |
| | ကီလို | ၃၁၃၁၀.၀၈၇ | ၃၄၉၄၉.၉၆ | (+)၃၆၃၉.၈၇၃ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

**စိုက်ပျိုးရေးဈေးကွက်သတင်းလွှာ**
(Agriculture Market Bulletin)
Market Information System (MIS)
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ် ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။
ဖုန်း-၀၆၇ ၃၄၁၀၅၁၈,Email:doamisppme@gmail.com